ဝန်ရင်း
Read on the move

# ပန်းသီခိုင်

## ဝင့်--ချို



အခန်း (၁)

ခြံဝင်းတံခါးအနီးရဲ့ ရှေ့မှာ ဂျစ်ကားနှစ်စီးတုန့်ကနဲ ပြိုင်တူရပ်သွား၏ ။

ဂျစ်ကားတစ်စီးက အဝါရောင်ကလေး။

နောက်တစ်စီးက အစိမ်းရောင်ကလေး။ အဝါရောင်ဂျစ်ကားထဲက ကောင်လေးတစ်ယောက် ဆင်းလာသည်။

ဂျင်းဘောင်းဘီတိုက အနားစတွေဖွာထွက်နေပြီး စွပ်ကျယ်ဂျိုင်းပြတ်ကနေ ဂျင်းလက်ပြတ် အကျႌထပ်ဝတ်ထားပြီး ဂျင်းလက်ပြတ်ကလည်း အနားစတွေ ဖွာထွက်ကာ လက်မောင်းရင်းပေါ် တင်နေ၏ ။

နေကာမျက်မှန် အပြာရင့်ကို ဆံပင်ပေါ်တင်ထားပြီး စီးထားသော ဝေါကင်းရှူးက အနက်ရောင်။

လယ်သာနာရီကြိုးက ကြီးကြီး၊ နာရီဒိုင်ခွက်ကလေးကို ကြိုးထဲမြှုပ်ထားသည်။

အစိမ်းရောင်ဂျစ်ကားထဲကနေ ကောင်မလေးတစ်ယောက်ထွက်လာသည်။

ကွာတားပဲင်န်ပွပွကလေးက ပန်းရောင်ခါးမှာ ပန့်စ် ခါးပတ်ကလေးအနက်ကလေးနှင့်။

ဆွဲသားပျော့ပျော့အကျႌလေးက အဖြူရောင်လည်ပင်းနောက်မှ သိုင်းချည်ထားပြီးဆံပင်လေးက အဖြောင့်ကောက်။

ဖြောင့်ပြီးမှ သေးသေးလေးပြန်ကောက်ထားသော ဆံပင်ကလေးက

စတိုင်ကျလွန်းလှသည်။ ဆံပင်မှလိမ်းထားသော ဂျယ်ကရေစိုဂျယ်။ ဆံပင်လေးတွေက ရေစိုနေသလောက် စိုလက်တောက်ပြောင်ပြီး လှပလွန်း၏ ။

ဘီးကုတ်ပန်းရောင်ကလေးနှင့် နဖူးပေါ်က ဆံပင်တွေကို နောက်လှန်တင်ထားပြီး မျက်မှန်ကလေးက ပန်းရောင်အကြည်ကလေး။

ဖန်နားဆွဲရှည်ရှည်ကလေးက နား၏ အရှေ့ဖက်ရော နား၏ အနောက်ဖက်မှာရော တွဲလောင်းကျနေသည်။နားဆွဲက ရှေ့မှာလဲ နားဆွဲဖြစ်ပြီး နောက်မှာနောက်ပိတ်ကလေးနှင့် မဟုတ်ဘဲ နောက်ပိတ်မှာလည်း ရှေ့ကလိုပဲ တွဲလောင်းကျနေသော အချောင်းကလေးတွေပါနေ၏ ။

စီးထားသော ကြိုးသိုင်းဖိနပ်အမဲကလေးက ဘောင်းဘီပန်းရောင်ကလေးနှင့် လိုက်ဖက်ပါသည်။

နှုတ်ခမ်းတွဲတွဲဖောင်းဖောင်းလေးကို “ဝ” လုံးကလေးကို ဝိုင်းအောင် “လစ်ဖ်ဂလေ့” နှုတ်ခမ်းနီရည်ကလေးဆိုးထား၏ ။ မျက်လုံးတစ်ဝိုက်ကို စိမ်းစိမ်းကလေးခြယ်ထားပြီးနာရီက ဂျင်းသားနှင့်ရောထားသော ပန်းရောင်ဒိုင်ခွက်ကလေး။

လက်ကောက်ပန်းရောင်မျှင်မျှင်သေးသေးလေးတွေကို ကျန်လက်ကောက်ဝတ်မှာ တစ်ထပ်ကြီးဝတ်ထား၏ ။

ပင့်ကူပုံလက်စွပ်ကလေးက အသဲယားစရာ။ လည်ပင်းကပ်ဆွဲကြိုးမျှင်မျှင်ကလေးက ပန်းဆီရောင်။

ကားထဲကဆင်း တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ကာ “ဟင်” ကနဲကျောခိုင်းလိုက်ကြ၏ ။ ပြီးတော့ တိုင်ပင်ထားသလို ကားထဲက သားရေသေတ္တာတစ်လုံးစီပြိုင်တူ ဆွဲချပြီး ဟဲန်းဖုန်းကလေးတွေဆွဲယူလျက် ခြံဝန်းတံခါးစီခြေလှမ်းစေသည်။

“နှင်ဘာလာလုပ်တာလဲ”

“နှင်ရော..”

“ငါမေးတာ အရင်ဖြေ”

“ဟ..အလာကြီးပါလား။ နှင်က ဆရာမကြီးလား၊ နှင် မေးတိုင်း ငါက ဖြေရမှာလား”

ကောင်းလေးက အက်သံနှင့် ပြန်ပြော၏ ။

“နှင်ပြန်သင့်တယ်”

ကောင်မလေးက ခပ်တင်းတင်းမျက်နှာထားနှင့်။

“ပြန်သင့်တာက နှင်”

ကောင်လေးကလည်း ခေါင်းငုံ့မခံ။

အလျှော့ပေးဖို့ မစဉ်းစား။

အညံ့ခံမည့်ရုပ်မဟုတ်။

“ငါဒီမှာနေမလို့”

“ငါလည်း ဒီမှာ နေမလို့”

တစ်ယောက်စကားကိုတစ်ယောက်က ချက်ချင်းတုန့်ပြန်သည်။ ပြဿနာတော့ စပြီ။

“နှင်ပြန်သင့်တယ်။ ငါဒီမှာနေမယ်”

“ဟ..ငါလည်းဒီမှာ နေမလို့ လာတာဘဲ”

“မဖြစ်ဘူး”

“မဖြစ်ရင် နှင်ပြန်”

“ငါက ဒီမှာ နေကိုနေမှာ၊ လုံးဝမပြန်ဘူး”

“နင်ပြန်ခိုင်းတိုင်း ငါက ပြန်ရမှာလား”

“ကျွတ်”

“အရှုပ်ထုပ်နဲ့ လာတိုးနေတယ်”

ကောင်လေးက ခေါင်းကို လက်ညှိုးနှင့်ကုပ်ခြစ်ပြီး “ဒီလိုလုပ်” ဟုဆို၏ ။

“နင်ဆရာကြီးလေသံနဲ့၊ လာမပြောနဲ့၊ အမိန့်မပေးနဲ့ လုံးဝနာခံမှာမဟုတ်ဘူး”

“အမိန့်ပေးတာမဟုတ်ဘူး၊ ညှိနှိုင်းတာ”

“ပြောကြည့်”

မပွင့်တပွင့်နှင့် မာကျောကျောဆိုလာသူက ကောင်မလေး။

“ငါတို့နှစ်ယောက်စလုံးဒီမှာနေလို့ မဖြစ်ဘူး ”

ကောင်လေးက စိတ်အင်မတန်ရှုပ်နေပုံနှင့်။

“ငါတို့ကျားဗိုလ်ဆွဲမယ်”

“ဘာလုပ်ဖို့လဲ”

“ရှုံးတဲ့သူပြန်ပေါ့”

“ကလေးကလားနိုင်လိုက်တာ”

“ဒါပဲရှိတယ်”

“ငါသဘောမတူဘူး”

ကောင်မလေးက ခေါင်းခါသည်။

“ငါရှုံးသွားရင်ရော”

"ရှုံးရင်နင်ပြန်ပေါ့"

"မပြန်ဘူး"

"သတ္တိနည်းလိုက်တာ"

"ငါကပြန်ဖို့ လာတာမဟုတ်ဘူး၊ နေဖို့လာတာ၊ ငါအဒေါ်နဲ့ ငါလုံးဝမခွဲနိုင်ဘူး"

"နင်က လျှော့သင့်တယ်"

ကောင်မလေးက မျက်လုံးကလေးတွေ ဖျတ်ခနဲ လက်သွားပြီး

"ဒါဆို ဒေါ်လေးကို ဆုံးဖြတ်ခိုင်းသူတို့ခေါ်ချင်တဲ့သူ ခေါ်ထားပါစေ"

"ဦးလေးက ငါ့ကိုခေါ်မှာပေါ့ ပြန်လွှတ်မလား" ဟု ကောင်းလေးက ခိုင်ခိုင်မာမာယုံကြည်နေသည်။

"ဒေါ်လေးကလည်း ငါ့ကိုမြင်ရင်ဝမ်းသာသွားမှာ၊ လုံးဝ ပြန်ခိုင်းမှာမဟုတ်ဘူး"

"အဲ့ဒီတော့"

"နင်ပြန်တာ အကောင်းဆုံးပဲ"

"ဟာ"

ကောင်မလေးက ဆက်ငြင်းမနေတော့ဘဲ ခြံတံခါးသော့ဘေးက လူခေါ်ဘဲလ်ကိုနှိပ်ဖို့ ပြင်သည်။

"ဟဲ့"

ကောင်မလေးက စူးကနဲအော်တာမို့ လက်တန့်သွားတုန်း ထိုအခွင့်အရေးကို ကောင်မလေး အသုံးချပြီး ဘဲလ်နှိပ်ဖို့ ကြိုးစား၏ ။

ကောင်လေးက ကောင်မလေး၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်တားဆီး၏ ။

“သူ့ထက်သျှံ”

ကောင်မလေးက မျက်လုံးကလေးပြူးထွက်ပြီး တစ်ခွန်းချင်းအေးစက်စွာခေါ်လိုက်၏ ။

“ငွေနှစ်မျှင်”

ကောင်လေးကလည်း အသံပြတ်နှင့် ခေါ်၏ ။

“ငါ့လက်ကိုလွှတ်”

“နင်ဘဲလ်မတီးနဲ့”

တစ်ယောက်ကိုတစ်ယောက် ဂြိုလ်ကြည့်ကြည့်ကြ၏ ။ မျက်လုံးနှစ်ခုအဆုံးမှာ မီးထပွင့်မတတ်။

“ငါက ငါ့အဒေါ်နဲ့နင့်ဦးလေးကို လုံးဝသဘောမတူဘူး၊ နင်သိရဲ့လား”

“ငါကရော ငါ့ဦးလေးကိုနင့်အဒေါ်နဲ့သဘောတူလို့လား။ ငါလည်း လုံးဝသဘောမတူဘူး”

“ဒီလိုဖြစ်အောင် နင်ဖန်တီးတာ”

“နင်လည်းပါတာပဲ”

“နင်ဒီလောက် စိတ်ပုပ်မယ်မှန်း ငါမသိလို့ပေါ့”

“နင်ကသာအကျင့်ယုတ်တာ”

“နင်နဲ့ငါမဖြစ်ပါဘူး”

“နင်နဲ့ရောဘယ်သူက တစ်အိမ်တည်းနေချင်လို့လဲ။

နင်လာမယ်မှန်းသိရင် ငါမလာဘူး”

“ငါကလည်း နင်လာမယ်လို့ မထင်ဘူး”

“လာပြီးမှတော့ ငါမပြန်ဘူး”

တစ်ယောက်ကိုတစ်ယောက် နားလည်သွား၏။ ငွေနှစ်မျှင်က ခြံဝင်းတံခါးဘေးရှိ လူခေါ်ဘဲလ်ကို ဖိနှိပ်လိုက်၏။

သူ့ထက်လျှံက ခါးထောက်ပြီး မျက်နှာရှုံ့မဲ့ကာ စောင့်ကြည့်နေ၏။

ခြံဝင်းတံခါးလာဖွင့်သူက သူ့ထက်သျှံ၏ ဦးလေးပါ။ နောက်မှာငွေနှစ်မျှင်၏ ဒေါ်လေးလည်း ကပ်ပါလာ၏။

“ဝူးကနဲ ကားသံကြားတော့ မင်းတို့ဂျစ်ကားပဲလို့ ထင်တာနဲ့ ဝရန်တာကထွက်ကြည့်ပြီး ဆင်းလာတာကွ၊ မင်းတို့ ဘာဖြစ်လာပြန်ပြီလဲ”

ဦးလေးက စိတ်မရှည်စွာမေး၏။

“ဒီမှာနေမလို့”

နှစ်ယောက်စလုံး တပြိုင်နက်တည်းဖြစ်၏။

“ဟေ”

ဦးဖြိုးက သူ့ဇနီးအသစ်စက်စက် “မအိ”ကို လှည့်ကြည့်ပြီး မျက်နှာပျက်၏။

နှစ်ယောက်တည်းလွတ်လွတ်လပ်လပ်အေးအေးချမ်းချမ်းအနှောင့်အယှက ကင်းကင်း အိမ်ခွဲနေကာမှ သည်နှစ်ယောက်ကလိုက်လာကြပြီ။

သည်ကလေးနှစ်ယောက်ကြောင့် သူတို့တွေ့ဆုံခဲ့ကြတာ မှန်ပေမယ့် နောက်ပိုင်းမှာ သည်ကလေးနှစ်ယောက်
တော်တော်လေးဒုက္ခပေးနှောင့်ယှက်ကြတာ သူတို့ ဝေးသွားမတတ်ပါ။

သူကတူကလေး "သူ့ထက်သျှံ"ကို အရမ်းသံယောဇဉ်ကြီးတာမှန်ပေမယ့် အခုလို အိမ်ထောင်ကျခါစ ပူပူနွေးနွေးအိမ်ထောင်ရှင်ဘဝမှာ လိုလိုလားလား မကြိုဆိုနိုင်တာအမှန်ပါ။ သူက အကြောကြီးလူပျိုကြီးဖြစ်ခဲ့သူ အချစ်နှင့်ဘဝအဖော်ကို ရှာတွေ့လာချိန်က သိပ်နောက်ကျခဲ့သည်။ သူ့အတ္တကို မလျှော့နိုင်။ ဘွင်းဘွင်းရှင်းရှင်းပြောရလျှင်..

"My…boy " မိုင်ဘွိုင် မင်းပြန်ပါကွာ" ဆိုသော စကား။ သို့ပေမယ့် ဇနီးကလေးကို လှည့်ကြည့်ရသေးသည်။ မအိကလည်း သူ့တူမကလေကို တော်တော်ချစ်သည်။ အမြဲမခွဲအတူနေခဲ့တော့ ညတုန်းက "နှစ်နှစ်"ကို သတိရလိုက်တာဟု မျက်ရည်ကဝေ့သေးသည်မို့ သူက အားပေးနှစ်သိမ့်ခဲ့ရသည်။

သူတို့မင်္ဂလာဆောင်ကြတော့ သူ့ထက်သျှံနှင့် ငွေနှစ်မျှင် လုံးဝမလာ။ ပျောက်နေသည်။

သူတို့ကို စိတ်ဆိုးပြီး မခေါ်မပြောနေကြတာ သူတို့လက်ထပ်ဖို့ ဆုံးဖြတ်ချက်ပိုင်ပိုင်ချလိုက် ချိန်ကတည်းက ဖြစ်သည်။

"သားလုံးဝသဘောမတူဘူးဦးဖြိုးနောက်ဆုတ်ပါ" ဟု သူ့ထက်သျှံက တားသည်။

"ဒေါ်လေးအိနော်..ယူရဲယူကြည့်နှစ်နှစ်နဲ့ ဒီတစ်သက် အပြတ်ပဲပြတ်နိုင်ရင် ရှေ့တိုးပေါ့" နှစ်နှစ်ကငိုပြီး ခြိမ်းခြောက်သည်။

"နှစ်နှစ်က ဒီမှာနေမယ်ဟုတ်လား"

"အင်း…"

ဟော..ကြည့်။ သူက "ပြန်ပါကွာ" ဆိုသော စကားကို ပြောဖို့ အားယူကြိုးစားနေတုန်းမှာ မအိကသူ့တူမလေး၏ လက်ဖျားကို ဝမ်းသာအားရဖမ်းဆုပ်ပြီး လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လက်ခံလိုက်ပြီ။

“ဝမ်းသာလိုက်တာ နှစ်နှစ်ရယ်” တဲ့။

ဖြိုးကျော်ဦးဘာဆက်ပြောရမှန်းမသိဘဲ သူ့တူကို လှမ်းကြည့်မိသောအခါ သူ့တူက သူ့ကို အင်မတန်စိတ်ကုန်သော မျက်လုံးများနှင့် ကြည့်နေ၏ ။

ဇနီးမအိက သူ့တူမကလေးကို အလျှင်စလိုနေခွင့်ပြုလိုက်ပြီးဖို့ သူကခွင့်မပြုလျှင် သူကပဲ လွန်ရာရောက်တော့မည်။

“ကဲ…နေကွာ၊ နေ နေ”

သူဆောင့်ကြီးအောင့်ကြီး ပြောချလိုက်၏ ။

“ဦးဖြိုး..သားစိတ်ကုန်အောင် မလုပ်နဲ့ဗျာ”

သူ့ထက်သျှံစကားကိုငွေနှစ်မျှင်က တခစ်ခစ်ရယ်ကာ

“သားတဲ့မကြီးမငယ်ကြီးနဲ့” ဟု ရှုံ့ချကဲ့ရဲ့၏ ။

“လာပါ၊ သားရော နှစ်ရောလာ၊ အိမ်ထဲဝင် မဟုတ်သေးဘူး၊ ကားတွေ ဒီအတိုင်းထားတော့မှာလား၊ ခြံထဲသွင်းလိုက်အုံး”

ဦးဖြိုးက သတိပေးစကားဆိုရင်း ဂိုဒေါင်ထဲက သူ့ကားကို အိမ်ရှေ့ပေါ်တီကို အောက်ရွှေ့ဖို့ ဇနီးသည်ကို “သော့ပေး” ဟု လှမ်းတောင်း၏ ။

“ငါတို့ခဏအပြင်သွားမယ်၊ မင်းတို့ ဂျစ်ကားနှစ်စီးကို ဂိုဒေါင်မှာထားလိုက်” ဟု စီမံပေး၏ ။

“ဟုတ်”

နှစ်ယောက်စလုံး အကျႌသေတ္တာတွေချထားပြီး ကိုယ့်ကားစီကိုယ်ပြေးသည်။

သည်အချိန်ကစပြီး အပြေးလမ်းကြောင်းပေါ်ခြေချမိပြီ။ သူတို့နှစ်ယောက်အမြဲပြိုင်ဆိုင်လွန်ဆွဲနေတော့မှာ။ သူ့ထက်သျှံက ငွေနှစ်မျှင်ကို

လုံးဝအလျှော့ပေးမှာ မဟုတ်။ သေးသေးဖွဲဖွဲကလေးကအစ သူမလျှော့နိုင်။ တစ်ခါအလျှော့ပေးလျှင် အကျင့်ပါရောင့်တက်ပြီး နောက်ဆို အမြဲတမ်းလျှော့ပြီးရင်းလျှော့ဖြစ်ကာ လျှော့လို့ဆုံးမှာမဟုတ်။ ငွေနှစ်မျှင်၏ အနိုင်ယူဗိုလ်ကျ ခြယ်လှယ်စိုးမိုးအမိန့်ပေးမောက်မာချင်သော စိတ်ကိုသူအရမ်းနားလည်နေပါသည်။ ကြုံလည်း ကြုံဖူးသည်။။ ခံလည်းခံဖူးသည်။ ငွေနှစ်မျှင်၏ အနိုင်ပိုင်းမှုကို မြည်းစမ်းဖူးတော့ အရသာကို သိနေပါပြီ။ ဒါကြောင့်လည်း သူ့ဘက်က သံပတ်ကို အပြည့်တင်းထားရတာ ပါ။

“ငါအရင်ဝင်မယ်”

ငွေနှစ်မျှင်က ကားစက်နှိုင်းကာ အကျယ်ကြီးအော်ပြော၏ ။

သူ့ထက်သျှံက ဘာမှပြန်မပြော။ နောက်ကနေလိုက်၏ ။ ဂိုဒေါင်က ကားနှစ်စီးဝင်ဖို့ တော်တော်ကျဉ်းနေသည်မို့ နေရာလုပွဲကစပါပြီ။

“နင့်ကားအပြင်မှာရပ်လိုက်”

“ဟ…မလွှန်လွန်းဘူးလား”

သူ…ငွေနှစ်မျှင်ကို စူးကနဲ ကြည့်မိ၏ ။

“နှစ်စီးစလုံးမဆန့်လောက်ဘူး၊ နင့်ကားတာလပတ်ပါတာပဲ၊ ငါ့ကားရဲ့ နောက်မှာ ပိုက်ကွန်ကြီးနဲ့။ ငါ့ပဲအမိုးအောက် ရပ်လိုက်မယ်”

“ရတယ်လေ၊ တစ်ရက်စီပေါ့”

“ဟင်”

သူက “ရတယ်လေ” ဟု ဆိုလာသောအခါ သည်တစ်ခါ သဘောကောင်းလှချည်ရဲ့ဟု တွေးနေမိတုန်းမှာဘဲ။ နောက်ဆက်တွဲစကားကြောင့် အံ့အားသင့်ရပါသည်။

“မျှမျှတတပဲကောင်းတယ်”

“နင်က ချိန်ခွင်ကြီးလား”

နှစ်နှစ်က နှုတ်ခမ်းကလေးဖွဲ့ကာ မကျေမနပ်နှင့်

“နေရာတကာ မျှမျှတတပဲ” ဟုဆို၏ ။

“ငါက ချိန်ခွင်မဟုတ်ဘူး..ပေါင်ချိန်”

“ဒါခိုင်ဖုံးရုံးမဟုတ်ဘူး..ပေါင်ချိန်လာမလုပ်နဲ့”

“အေ..ဘာပဲဖြစ်ဖြစ်ငါ မနက်ဖြန်ကားကို ဂိုဒေါင်ထဲ ရပ်မယ်..ဒါပဲ”

“ဘာ”

“Lady First လေဒီဖတ်(စ်) (ဒီမိန်းကလေးဦးစားပေးပါ) ဆိုတဲ့စကားရှိလို့ နင့်ကို ဦးစားပေးလိုက်တာ”

“အမယ်လေးဟဲ့”

ငွေနှစ်မျှင်က ဆက်ငြင်းခုံမနေဘဲ ကားကိုဝူးကနဲ ဂိုဒေါင်ထဲ မောင်းသွင်း၏ ။ တုန့်ခနဲရပ်ပြီး စက်သပ်သော့ဖြုတ်ကာ ဆင်းလိုက်၏ ။

သူကလေးလှုပ်ရှားမှုက မြန်ဆန်သွက်လက်ပြီး ပေါ့ပါးစတိုင်လ်ကျလှ၏ ။

မိန်းကလေးပေမယ့် ငွေနှစ်မျှင်၏ စတိုင်ကစမတ်ကျလှပါသည်။ ကြည့်လို့မရတာ မှန်ပေမယ့် ငွေနှစ်မျှင်လှတာကို အသိအမှတ်မပြုလို့ မရပါ။

လှတာက အရမ်းလှသည်။ သူလည်း ယောကျ်ားလေးပဲ၊ လူငယ်အလှအပကြိုက်သည်။ ခံစားတတ်သည်။ ကောင်မလေး လှလှမြင်လျှင် ငေးတတ်သည်။

ကောင်မလေးလှလျှင် ငမ်းတတ်တာကောင်လေး သဘာဝ ပဲမဟုတ်လား။ သူလည်း သဘာဝ ကို မလွန်ဆန်နိုင်ပါ။

“ဘာကြည့်တာလဲ၊ ဟွန့်”

ငွေနှစ်မျှင်က နှုတ်ခမ်းကိုက်ကြည့်ပြီး ရန်လုပ်၏ ။ သူ့ထက်သျှံက ခပ်တင်းတင်းနှင့် ခွန်းတုန့်မပြန်။

မနက်ဖြန်သူ့ကားကို ဂိုဒေါင်ထဲထားမတဲ့လား ရမလား စောင့်ကြည့်..။

ငွေနှစ်မျှင်တဲ့။

ဘယ်တုန်းကများ ဘယ်သူ့ကိုအလျှော့ပေးဖူးလို့လဲ။ နှစ်နှစ်ကာစနေသမီးပါ။ သူများတွေက စနေသမီး၏ လောဘကြီးတတ်သတဲ့။ ထိုစကားက ငွေနှစ်မျှင်အတွက်မှန်လွန်းသည်။ ငွေနှစ်မျှင်က အင်မတန်လောဘကြီး၏ ။ ဘာမဆိုအကောင်းဆုံး အညွန့်ဆုံးသာလိုချင်သည်။

“မနက်ဖြန်မနက်ကစပြီး နင့်ကားဂိုဒေါင်ထဲက ဖယ်ပေးထားပါ” သူက လှမ်းအော်ပြော၏ ။

“ဖယ်ပေးထားမယ် စောင့်နေ”

အားကြီးကြီး ဖယ်ပေးမယ်။

ဖယ်စရာလား၊ ဒေါ်လေးတို့ကားက ပေါ်တီကိုအောက်မှာ ရပ်မှာဆိုတော့သည် ဂိုဒေါင် နှစ်နှစ်ကားအတွက်ပဲ၊ နှစ်နှစ်ကားက အမိုးအကာအောက်မှာထားမှကိုဖြစ်မှာပါ။ ဂျစ်ကားကလေးကို ချစ်စရာကောင်းအောင် ဆင်ထားပြီး နှစ်နှစ်ကာ တယုတယညင်ညင်သာသာ မောင်းတတ်တာပါ။

သူ့ထက်သျှံရှေ့ရောက်ရင်သာ ဂူးကနဲ ဝေါကနဲ ဒေါသနှင့် မောင်းမိတာ။

ဘယ်ရေစက်မှန်းပင်မသိ။

ကြည့်လို့ကိုမရ မုန်းသည်။ အမြင်ကပ်သည်။ အကြောင်းမသိခင်ကတော့ မုန်းလည်းမမုန်း။ ချဉ်လည်းမချဉ်။ တဖြည်းဖြည်း အကြောင်းသိလာတော့မှ

ကြည့်မရတော့တာပါ။ တမာချဉ်လို ခါးပြီးချဉ်တာ။

“ဒီပုံနဲ့ ဒီစိတ်နဲ့ သက်နဒီက ဘာကြည့်ပြီးကြိုက်မှန်းမသိဘူး” ဟု တစ်ယောက်တည်း ခပ်တိုးတိုးပြောမိသည်။

ငွေနှစ်မျှင်၏ တစ်ဦးတည်းသော သူငယ်ချင်းမလေး သက်နဒီက တတွဲတွဲခင်မင်နေသော ကောင်လေးလေးယောက်ကိုထားပြီး ဘဝင်လေဟပ်ကိုမှ စိတ်ဝင်စားနေသတဲ့လေ။ သက်နဒီတိုးတိုးတိတ်တိတ် ဝန်ခံလာတော့ အံ့ဩမိသည်။ ရင်ဖွင့်စကားတွေကြားရတော့ မယုံနိုင်အောင်ဖြစ်ခဲ့ရသည်။

သည်စိတ်ပုပ်ကိုကြိုက်မယ့်သူလည်းရှိသားဟု တွေးမိလာ၏ ။

*

မနက်အစောကြီး ဟိုလေးကောင်ဖုန်းဆက်လာတော့ ငွေနှစ်မျှင် အိပ်ရာပင်မနိုးသေးပါ။

“အေးဟဲ့..ငါဖုန်းကို ပိတ်ထားဖို့ မေ့သွားတာ ငါအပြစ်ပဲ၊ ပြောစောစောစီးစီး ဘာဖြစ်ပြန်ပြီလဲ”

အိပ်ချင်မူးတူးနှင့် မေးမိ၏ ။

“လာခေါ်မယ်”

“ဘယ်သွားမလို့လဲ”

“မုန့်သွားစားမယ်”

“အေးလေ၊ ပြီးရော လာခေါ် ငါတို့ မဆုံဖြစ်တာလေးငါးရက်ရှိပြီ”

ငွေနှစ်မျှင်က ကုတင်ထက်ကဆင်းပြီး ဆံပင်တွေ

တစ်ချက်သပ်ကာပြောမိ၏။

"ဟဲ့...အိမ်သိတယ်နော်"

"သိပါတယ်.. နင်ဖုန်းဆက်ပြောထားတာပဲ"

"အိုကေ..လာခဲ့၊ ငါစောင့်နေမယ်"

ဟန်းဖုန်းလေးကိုစားပွဲကိုပေါ်တင်ကာ ဖုန်းမှာ ချိတ်ထားသော စုံတွဲရုပ်ကလေးကို ချစ်မြတ်နိုးစွာ ကြည့်မိ၏။ အတူတူတွဲကနေသော စုံတွဲရုပ်ကလေးပါ။ သည်အရုပ်ကလေးကို သူငယ်ချင်းလေးယောက်အမှတ်တရ ဝယ်ပေးခဲ့တာ။

ဘယ်သူတွေဘာပြောပြော ဘယ်လိုထင်ထင် ငွေနှစ်မျှင်က သူတို့လေးယောက်ကို ခင်သည်။

နောက်လည်းဆက်လက်ခင်မင်သွားအုံးမှာ။ အခန်းထောင့်ကို လျှောက်သွားပြီး ပြတင်းပေါက်ဘေးကို သွားရပ်မိရင်း ခြံထဲကိုငေးမိသည်။

ဒေါ်လေးတို့ အိမ်ကလေးကမဆိုး။ ခြံဝင်းက သိပ်မကျယ်ပေမယ့် သူ့နေရာနှင့် သူအဆင်ပြေပြေရှိနေပါသည်။

မြက်ခင်းပြင်စိမ်းကွက်ကွက်ကလေးရယ် ဒန်းဖြူဖြူကလေးရယ်၊

အမိုးပါသော သစ်ခွအိမ်ကလေး။

ခြံဝင်းထဲက အုတ်တိုင်ကလေးတွေမှာ မီးပုံးကလေးတွေနှင့်။ သည်ခြံနှင့်သည်အိမ်ကလေးကို ဦးဖြိုးနှင့် ဒေါ်လေးအိက သေချာပြင်ဆင်ခဲ့ကြသည်။

အဲ့ဒီအချိန်တုန်းကတော့ စိတ်ကောက်ပြီး မရောက်ဖြစ်ခဲ့ပါ။ တကယ်တကယ်ကျတော့ ဒေါ်လေးအိကို လက်မထပ်စေချင်။ နှစ်အပေါ် အချစ်လျော့သွားမှာ ကြောက်ပြီး တားခဲ့မိသည်။

"ဟင် စောစောစီးစီး"

သူ့ဂျစ်ကားကို ကျကျနန ဆေးနေသော သူ့ထက်သျှံကို မြင်တော့ မျက်စောင်းရွယ်မိသည်။ စွပ်ကျယ်နှင့် ဘောင်းဘီတိုနှင့်..။

ပြတင်းပေါက်မှ ခွာပြီးရေချိုးဖို့ ပြင်ဆင်ရ၏ ။

ခဏကြာလျှင် သူငယ်ချင်းတွေ ရောက်လာကြတော့မှာ။ ယောကျ်ားလေးတွေပီပီ သူတို့က စိတ်မချည်ချင်စောင့်ရလျှင် အော်နေရော။

*

"တီ....တီ" ဟု ကားဟွန်းသံနှစ်ချက်ကြားရသောအခါ သူ့ထက်လျှံက ခေါင်းလှည့်ပြီး ဆတ်ကနဲ ကြည့်မိ၏ ။

ထင်ထားသလိုပါပဲ။

မျက်စိနောက်ချင်စရာ ဗရုတ်လေးကောင်ရောက်လာပါပြီ။ ငွေနှစ်မျှင်၏ သူငယ်ချင်းကောင်လေးလေးယောက် ကားတစ်စီးနှင့် အမြဲရောက်လာတတ်သော သူတို့အုပ်စုကို အစကတည်းက သိပ်ကြည့်မရ။

မိန်းကလေးဖြစ်ပြီး ငွေနှစ်မျှင်က ထိုလေးယောက်နှင့် တတွဲတွဲ သွားသွားလာလာ။

ငါးယောက်ဆုံပြီဆို စကားသံတွေညံပြီး ရယ်သံတွေက တဝေါ်ဝေါ်။

သူတို့နှင့်တစ်ယောက်ယောက်လာလုပြောမှာ ကျနေတာပဲ။

တစ်ကောင်မှထောင့်မကျိုးဘူး။

တစ်ယောက်ကဆံပင်တွေ ထိုးထိုးထောင်ထောင်နှင့်

ဂျယ်တွေအမြဲရှဲနေအောင် လိမ်းသည်။ ဘာတဲ့ငွေနှစ်မျှင်ခေါ်တာ “ဇော်ဇော်”။

နောက်တစ်ယောက်က ဇော့်ညီ..ဝဏ္ဏတဲ့။ ဝဏ္ဏက ဆံပင်တွေကို နောက်ဖက်လှန်ဖြီးပြီး သပ်သပ်ရပ်ရပ်။

သူတို့ညီအစ်ကိုက အော်တာရှပ်တွေ အမြဲဝတ်သည်။ ကွာတားဘောင်းဘီနှင့်။

နောက်တစ်ယောက်က “ညီညီ” ...။ ညီထွန်းက အရပ်မြင့်ပြီး လောလောဆယ်မှာဆံပင်ကို ကျစ်ဆံမြီးကျစ်ကာ သူ့ကိုယ်သူ စိုင်းစိုင်းလိုလိုဘာလိုလိုနှင့် နောက်တစ်ယောက်က ရဲလင်း၊ ရဲလင်းက ဆံပင်စင်းစင်းကလေးဝဲကာ ဟဲင်းန်းချိန်းတွေ ခါးပတ်တွေနှင့် သူ့စတိုင်က တစ်မျိုး။ သူကတစ်ခါတလေ ဟစ်ဟော့ပုံစံတွေလည်း ဝတ်တတ်၏ ။

အဲဒီ့ လေးယောက်နှင့် ငွေနှစ်မျှင် ဘယ်လိုသိကျွမ်းခင်မင်သွားလည် မသိပေမယ့် သူတို့ဆက်ဆံရေးကန္တွေးထွေးပွင့်လင်းသည်။ ကျစ်လစ်စည်းလုံးသည်။ အပေါ်ယံတိမ်တိမ်ကလေး မဟုတ်။

“နှစ်နှစ်ရေ”

“သုံးသုံးရေ”

နှစ်နှစ်က နာမည်အမှန်၊ သုံးသုံးက တမင်နောက်ပြောင်ခေါ်တာ ခြံထဲမဝင်ဘဲ အပြင်ကနေ လှမ်းအော်နေတာမို့ သူ့ထက်သျှံက မနေသာဘဲ ခြံဝင်းတံခါးသွားဖွင့်ပေးရသည်။

သူ့ကိုမြင်တော့ ဟိုလေးယောက်က ရယ်ကျဲကျဲနှင့် “တစ်ကွက်ချန်ထားတယ်” ဟု အချင်းချင်းခပ်တိုးတိုးဆိုကြသည်။

သူ့ထက်သျှံက တံခါးဖွင့်ပေးပြီး သူ့ဟာသူကားပြန်ဆေးနေလိုက်၏ ။

ဝရန်းသုန်းကားထွက်လာသောသူတို့အုပ်စုကို လှည့်မကြည့်မိပါ။

"နင်ငါတို့ကားနဲ့လိုက်ခဲ့စမ်းပါ"

"မလိုက်ပါဘူး၊ နင်တို့ ကားထားခဲ့ ငါ့ဂျစ်ကားနဲ့ သွားမယ်"

"လုပ်ပြီ"

တစ်ယောက်က စိတ်ပျက်လက်ပျက်နှင့် ရေရွတ်ပေမယ့် ငါးယောက်စလုံးဂျစ်ကားစီ ရောက်သွား၏ ။

သူ့ထက်သျှံက လုံးဝလှည့်မကြည့်။

သူမြင်ကွင်းက ရိုးနေပါပြီ။

ငွေနှစ်မျှင်ကကားမောင်း၊ ဟိုလေးယောက်က ထိုင်စီးဘာမှမဆန်း။

"နှစ်နှစ်"

"ဟင်"

"နင်တစ်ကွက်ချန်ထားတယ်"

"ဘာလဲ"

"ဟုတ်တယ် ဟုတ်တယ်"

"မင်းသားလေး၊ နင်ရဲ့မင်းသားပါဒီကို ရောက်နေတယ်ဆိုတာ"

သူတို့က ဝိုင်းစစ်ဆေးသည်။

"အလကားပါဟယ်၊ ငါစိတ်ကုန်လွန်းလို့"

"နင်တို့တိုင်ပင်ပြီးလာကြတာလား"

ဇော်ကအသံအောကြီးတမင်လုပ်ကာမသင်္ကာသလို မေးလာ၏ ။

"ဟုတ်ပါလိမ့်မယ်အားကြီးကြီး"

နှစ်နှစ်က ဒေါသနှင့်ပြန်ဖြေသည်။

“ငါတို့သတင်းထူးပါတယ်”

“ဘာသတင်းလဲ”

ကားမောင်းရင်း စိတ်ဝင်တစားမေးမိ၏ ။

“မင်းသားကြီးရဲ့ သတင်းပေါ့”

သူတို့က သူ့ထက်သျှံကို “မင်းသားကြီး” ဟု ခေါ်တတ်ပါသည်။ သူ့ထက်သျှံက ချောလို့ဆိုပြီး မင်းသားလို့ ခေါ်တာ၊

“နင် ပန်းစကားခင်ကို သိတယ်မဟုတ်လား”

“သိသားပဲ”

“စကားခင်ကို မနေ့ကမင်းသားနဲ့ အတူတူတွေ့ခဲ့တယ်”

“ဟုတ်လို့လား”

“ဟုတ်တယ်၊ စကားခင်အိမ်ကို ဒီကောင်တွေ သွားတော့ မင်းသားက စကားခင်ကိုပြန်ပို့ ပေးတာတွေ့ခဲ့တယ်ဟ”

“နင်တို့စကားခင်အိမ်အထိ လိုက်နေကြပြီပေါ့ဟုတ်လား”

စကားထဲက ဇာတိပြဆိုသလိုသူတို့ စကားခင်အိမ်အထိ တရစ်ဝဲဝဲသွားတာ ပေါ်သွား၏ ။

“ဒီကောင် ညီညီက ဇွတ်ခေါ်လို့ပါ”

“ဘာကွ၊ မင်းလည်းပါတာပဲ ဝဏ္ဏ”

“လုပ်မနေနဲ့ အားလုံးအတူတူပဲ”

အခုမှသူ့လွှဲချင့်လွှဲချ လုပ်နေသည်။ လေးယောက်စလုံး စိတ်တူကိုယ်တူသွားတုန်းက သွားကြပြီးတော့များ..မသိရင် ခက်မယ်။

နှုတ်ခမ်းပြဲပြဲနှာခေါင်းကြီးကြီးနှင့် မလှမပစကားခင်ကို ဘာလို့ စိတ်ဝင်စားနေကြပါလိမ့်။

“အဲ့ဒီရုပ်ဆိုးမကို လိုက်နေတာဘယ်သူလဲ”

သိချင်စွာ မေးကြည့်မိ၏ ။

“လေးယောက်စလုံး”

“ဟင်”

“စကားခင်ရွေးပါစေ”

“ဟယ် ဖြစ်မှဖြစ်ရလေ”

ငွေနှစ်မျှင်က “ကျွတ်..ကျွတ်” ဟု ရေရွတ်စုပ်သပ်၏ ။

“မျက်နှာမလှပေမယ့် Body Structure ကိုလယ်လုံးကလေးက ရေလည်လှတယ် အချိုးအစားညီတယ်။ အသားလေးက ညိုညက်ပြီးဝင်းနေတာ။

ဇော်ကအားပါးတရဆို၏ ။”

“တစ်သိန်းတစ်ယောက် အဲ့ဒီလောက် အချိုးကျ လှပဖို့ မလွယ်ဘူးဟ ရှားတယ်”

ဟုတ်နေတော့လည်း ငွေနှစ်မျှင်မငြင်းသာ။

“လည်တိုင်ရှည်ရှည်ကြော့ကြော့ကိုပဲ ကြည့်ကြည့် ပခုံးကနေခါး ခါးကနေပေါင်၊ ပေါင်ကနေဒူးဆစ်၊ ဒူးဆစ်ကနေဖြေမျက်စိအထိ၊ လက်ဆိုလည်း ပုခုံးကနေတံတောင်ဆစ်၊ တံတောင်ဆစ်ကနေ လက်ကောက်ဝတ်အထိ တစ်ခုချင်း တခုချင်း အချိုးညီလှပလွန်းတယ်၊ တိုလည်းမတို ရှည်လည်းမရှည် အနေတော်ညီညီညာညာကလေးမျှတတယ်၊ အသားညိုပေမယ့် နူးညံ့ပျော့ပျောင်းတယ်၊ မိန်းမတစ်ယောက်ရဲ့ အလှပဆုံးကိုယ်လုံးပုံစံမျိုးပဲဟ”

“အမယ်လေးဟဲ့ အင်းစိန်ဆူးလေကားဂိတ်ဆုံးစီး၊ လိုက်ရသလိုရှည်လိုက်တာနော်၊ ဟုတ်ပါတယ် ကိုယ်လုံးလှပါတယ်၊ ကိုယ်လုံးလှတယ်အဲ့ဒါမက်လို့ နင်တို့ တကောက်ကောက်လိုက်တယ်ဒါပဲ မဟုတ်လား”

မချိုမချဉ်မျက်နှာတွေနှင့် မေးတာကိုမဖြေ။

“ဝန်ခံလိုက်စမ်းပါ”

“ရှင်းရှင်းပြောရရင် ဟုတ်တယ်၊ ငါတို့ကြိုက်တာ ဘာဟုတ်သေးလဲ၊ မင်းသားကြီးတောင် ကြိုပို့လုပ်နေပြီ။ နာမည်ပြောင်းရမယ်ဟ ဖယ်ရီကြီးလို့”

ဟု ရဲလင်းကနောက်၏ ။

“ရဲလင်းရယ် ငါက နင်တို့လေးယောက်ကို အထင်မကြီးဘူး အဲ့ဒီလူကြီးကို အထင်ကြီးတယ်လို့ ဘယ်တုန်းကများပြောဘူးလို့လဲ၊ ဒီပုတ်ထဲက ဒီပဲတဲ့။ ယောကျ်ားလေးပဲ၊ အတူတူပဲပေါ့ လုံးဝအထင်မကြီးပါဘူး”

ငွေနှစ်မျှင်က ရှုံ့ချဝေဖန်၏ ။

“နေပါအုံး၊ နင်တို့ကို စကားခင်က ပြန်ကြိုက်ရဲ့လား ဘာတဲ့လဲ”

“ဝဏ္ဏစကားသွားပြောတယ်”

“အလကားပါ၊ ဘာကြီးမှန်းမသိဘူး”

“ငါတို့ကို အေးစက်စက်နဲ့ မင်းသားကိုကျတော့ အပြုံးတွေပေါ်မှပေါ်ပဲ”

“ဝဏ္ဏရယ်၊ နင့်မျက်နှာက မစ္စတာဘင်းန်လို ဖြူရှုံ့ရှုံ့ကြီး၊ ဟိုက ပြန်ကြိုက်မလား”

တခစ်ခစ်ရယ်ကာ စမိ၏ ။

“သူ့မျက်နှာကရော ဘယ်လောက်လှလို့လဲ”

ဝဏ္ဏာမခံချိမခံသာပြန်မေး၏ ။

အားလုံးက ဝိုင်းရယ်ကြသည်။ ကားထဲမှာ ရယ်သံတွေ ညံသွား၏ ။

“မင်းသားနဲ့ ယှဉ်လာရင်တော့ ငါတို့အားလုံး ကျန်ခဲ့ဖို့ သေချာသွားပြီ”

သူတို့စောစောစီစီး လက်လျှော့နေ၏ ။ သူ့ထက်သျှံ နှင့် မယှဉ်ရဲကြ။

သူ့ထက်သျှံက စကားခင်စီ ဘာသွားလုပ်တာပါလိမ့်။

သူတို့ခင်မင်မှုက ဘယ်အတိုင်းအတာလဲ။

ငွေနှစ်မျှင်က မျက်ခုံးကလေးရှုံ့ပြီး စဉ်းစားမိ၏ ။ သည်အကြောင်းကို သက်နဒီကြားလျှင် အံ့သြတုန်လှုပ်သွားမှာ သေချာ၏ ။

*